မော်လမြိုင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝင်းအတွင်း ဝင်ခွင့်မပြု

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၂ ရက်၊ ၂၀၀၃ ခုနှစ်

ယနေ့ မော်လမြိုင်မြို့တက္ကသိုလ်တွင် စောင့်ကျပ်နေသော ကျောင်းစောင့်များက မည်သည့်ကျောင်းသားကျောင်းသူများကိုမှ ဝင်ခွင့်မပြုတော့ကြောင်း မော်လမြိုင်မြို့တက္ကသိုလ် ကျောင်းသူကျောင်းသားများက ဆိုပါသည်။

ယခုကဲ့သို့ ကျောင်းသားကျောင်းသူများ ကျောင်းဝင်းထဲ ဝင်ခွင့်မပြုခြင်းကို တက္ကသိုလ်ဆရာ၊ ဆရာမများက ပိတ်ပစ်လိုက်သည်ဟု ကျောင်းသားများက ဆိုပါသည်။

''ကျောင်းဝင်းထဲကို ဝင်ခွင့်မပြုတဲ့အပြင် တက္ကသိုလ်ကျောင်းကိုလဲ ခေတ္တခဏပိတ်ထားတယ်'' ဟု ကြေငြာထားကြောင်း ကျောင်းသားများက ပြောပါသည်။

''ကျမတို့က ကျောင်းဖွင့်လို့ မော်လမြိုင်ကို တက်လာတယ်၊ ကျူရှင်လည်း တက်ထားတယ် အခု ဆရာ၊ ဆရာမတွေက၊ အနည်းဆုံး သုံးလေးလ ကျောင်းပိတ်ပစ်မယ်ဆိုတော့၊ ကျမတို့အားလုံး အိမ်ပြန်ဖို့ ပြင်ဆင်နေပြီးဖြစ်ပါတယ်'' ဟု အမည်မဖော်လိုသည့် ကျောင်းသူတဦးက ဆိုပါသည်။

''ကျောင်းဝင်းထဲ ဝင်ခွင့်မပြုတာကို ကျနော်တို့မကျေနပ်ဘူး၊ အယင်က ဆိုရင် ကျောင်းပိတ်ထားပေမဲ့လည်း ကျောင်းဝင်းထဲကို ဝင်ခွင့်ပြုထားတယ်။ အခုဝင်ခွင့်မပြုတော့ လုံဝမကျေနပ်ဘူး'' ဟု ကျောင်းထဲဝင်မရ၍ ပြန်လိုက်ရသည့် ဒုတိယနှစ် ကျောင်းသားတစ်ဖွဲ့က လမ်းလျှောက်ပြန်လာရင်း ကျယ်လောင်စွာ ပြောနေကြပါသည်။

မော်လမြိုင်တက္ကသိုလ်သည် ၁၉၉၆ ခုနှစ်တွင် ကျောင်းသားဆန္ဒပြပွဲ ဖြစ်ပေါ်ခဲ့ပြီး ကျောင်းကိုလည်း လေးနှစ်ခန့် ပိတ်ထားခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် တက္ကသိုလ် ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း ကျောင်းသား/သူများ နေထိုင်ရန်အတွက် ကျောင်းဆောင် မပေးဘဲ ကျောင်းသား/သူများက အပြင်ဆောင်တွင် ငှားရမ်း နေထိုင်ခဲ့ကြသည်။ အပြင်ဆောင်တွင် ငှားရမ်း နေထိုင်ရသောကြောင့် တက္ကသိုလ်ကျောင်းသား/သူများ နေထိုင် သွားလာရေးအတွက် အခက်အခဲများစွာ ရင်ဆိုင်နေခဲ့ရသည်။

အချို့ကျောင်းသူများသည် ကျောင်းစရိတ်အခက်အခဲကြောင့် မိမိ၏ဂုဏ်သိက္ခာကို မထောက်ဘဲ မိမိခန္ဓာကိုယ်ကို ရင်း၍ ကျောင်းစရိတ်ရှာရသည်။

ယခုကဲ့သို့ မည်သည့်အကြောင်းကြောင့် တက္ကသိုလ်ကျောင်းများ ပိတ်လိုက်ရသည်ကို နအဖ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။